၁၁။ ဝန်ထမ်းဖွဲ့စည်းပုံပါ ဌာနခွဲများတွင် ရာထူးအဆင့်ဆင့် မှန်ကန်စွာပါဝင်မှုရှိစေရန် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ဖွဲ့စည်းပုံပါ ရာထူးအခေါ်အဝေါ်နှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်ရာထူးအခေါ်အဝေါ် လစာနှုန်းထားများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရန်၊
**(မှတ်ချက်။** ယခင်ဖော်ပြချက်ဖြစ်သော "ရာထူးစုအမည် တစ်ခုချင်းစီ" **အစား** "နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ သတ်မှတ်ချက်များနှင့်အညီ" ဟု ဖော်ပြခြင်းသည် သက်ဆိုင်ရာဌာန၏ လုပ်ငန်းသဘာဝနှင့်အညီ ရာထူးအဆင့် မှန်ကန်စွာပါဝင်ပြီး ရာထူးတိုးမြှင့်ရေးလမ်းကြောင်းနှင့် ညီညွတ်စေရန်နှင့် ဦးစီးဌာန/လုပ်ငန်းများ၏ ရာထူး အခေါ်အဝေါ်နှင့် လစာနှုန်းထားများကို လွယ်ကူရှင်းလင်းစွာ သိမြင်နိုင်စေရန် ဖြစ်ပါသည်။)

၁၂။ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့နှင့် ဌာနများ၏ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ ဦးစွာတင်ပြပြီး မူအားဖြင့် အတည်ပြုချက်ရယူပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်တင်ပြပြီး (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားရယူ၍ အကြံပြုချက်များထံ ဆက်လက်တင်ပြပါမည်) ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူသွားရန်၊

[**မှတ်ချက်။** OSS (One Stop Service) ပုံစံဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းစဉ်အစီအစဉ်များ ပြောင်းလဲမည်ဖြစ်၍ ပြင်ဆင်ချက်အဖြစ် ထည့်သွင်းရခြင်းဖြစ်ပါသည်။]

၁၃။ ဝန်ထမ်းဖွဲ့စည်းပုံအသစ်တင်ပြခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်တင်ပြပြီး (ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားရယူ၍ အကြံပြုချက်များထံ ဆက်လက်တင်ပြပါမည်) ခွင့်ပြုချက်ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရန်၊

[**မှတ်ချက်။** OSS (One Stop Service) ပုံစံဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းစဉ်အစီအစဉ်များ ပြောင်းလဲမည်ဖြစ်၍ ပြင်ဆင်ချက်အဖြစ် ထည့်သွင်းရခြင်းဖြစ်ပါသည်။]

၁၄။ ဖွဲ့စည်းပုံအသစ်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းကိစ္စရပ်များကို တင်ပြရာတွင် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များကိုယ်တိုင် လက်မှတ်ရေးထိုးတင်ပြရန်၊

၁၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် မိမိတာဝန်ယူအကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းရန်၊

၁၆။ ဝန်ထမ်းဖွဲ့စည်းပုံများကို ပြင်ဆင်လိုပါက နိုင်ငံတော်၏ အနာဂတ်ရည်မှန်းချက်အပေါ် မူတည်၍ ပြောင်းလဲလာသည့်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု၊ ဌာနအချင်းချင်းချိတ်ဆက်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP) နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ စစ်ဆေးကြပ်မတ်မှုတို့အပေါ် သုံးသပ်ပြီး ရေးဆွဲရန်၊

၁၇။ ဖွဲ့စည်းပုံပါတာဝန်များအပြင် ရေတိုကာလအတွက် ထပ်မံတာဝန်ယူဆောင်ရွက်ရသည့် တိုးချဲ့လုပ်ငန်းများ၊ လုပ်ငန်းစီမံကိန်း သို့မဟုတ် စီမံချက်များရှိပါက ယင်းတို့အတွက် ဝန်ထမ်းဖွဲ့စည်းပုံများကို တိုးချဲ့ဆောင်ရွက်ခြင်း ပြုရန်ထက် လိုအပ်သောဝန်ထမ်းများကို စီမံကိန်းကာလအတွင်း ပြင်ပမှ ကာလတို ငှားရမ်းခေါ်ယူ ဆောင်ရွက်ခြင်း စနစ်ကို ကျင့်သုံးရန်၊

၁၈။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများသည် ဝန်ထမ်းဖွဲ့စည်းမှုများအတွက် သတ်မှတ်စံနှုန်းနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံတင်ပြမှုများနှင့်စပ်လျဉ်း၍ မူအားဖြင့် ခွင့်ပြုချက်ရရှိထားပြီး ကိစ္စရပ်များ ဖြစ်သဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ရန်၊

၁၉။ ပုဂ္ဂလိကသို့ အပြီးလွှဲပြောင်းပေးအပ်သည့် စက်ရုံ၊ အလုပ်ရုံများ၏ ဝန်ထမ်းဖွဲ့စည်းပုံကို ပယ်ဖျက်ရန်နှင့် ဝန်ထမ်းစီမံခန့်ခွဲမှုကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်၊

၂၀။ အများပိုင်အဖြစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း တို့တွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်။

**နိုင်ငံ့ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ မူဝါဒများ**

၂၁။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသည် အတည်ပြုထားသည့် ဖွဲ့စည်းပုံအင်အားအတွင်း ဌာနအလိုက် လိုအပ်သော ဝန်ထမ်းအင်အားကို တိကျစွာတွက်ချက်သတ်မှတ်ပြီး သတ်မှတ်ထားသည့်အတိုင်း ခွင့်ပြုချက်တောင်းခံ၍ ခန့်အပ်ဆောင်ရွက်ရန်၊

၂၂။ ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရပြီး လုပ်ငန်းတာဝန်များပြားသောဌာနများ၊ နိုင်ငံတကာ ဆက်ဆံရေးမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေရသည့်ဌာနများနှင့် နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးအတွက် ဆောင်ရွက်နေသည့် ဌာနများအနေဖြင့် လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေ ခန့်အပ်ရမည့် ဝန်ထမ်းများဖြစ်ပါက ဌာန၏လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ခန့်အပ်ရေးဆောင်ရွက်ရန်၊

၂၃။ လုပ်ငန်းသဘောသဘာဝအရ ပြင်ပသို့ ဝန်ဆောင်မှုအပ်နှံ၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဝန်ထမ်းသစ်ခန့်အပ်ခြင်းမပြုဘဲ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ပအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုရယူ (Outsourcing) ဆောင်ရွက်ရန်၊

၂၄။ နိုင်ငံတော်၏ မူဝါဒနှင့် လိုအပ်ချက်အရ ခန့်အပ်ရမည့်ရာထူးများအတွက် ဝန်ထမ်းသစ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ စတင်ခန့်ရာထူးအဆင့်အလိုက် လစ်လပ်ရာထူးနေရာများကို ဖြည့်ဆည်းဆောင်ရွက်ရန်၊

၂၅။ ဝန်ထမ်းသစ်များ ခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ စတင်ခန့်ဝင်ပေါက်ရာထူးများအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်၊

၂၆။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ ပါ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များအား စတင်ခန့်အပ်နိုင်သည့် ရာထူးများတွင်သာ အစမ်းခန့်ကာလထားရှိရေး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရန်၊

၂၇။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းသည် ရာထူး၏လုပ်ငန်းသဘာဝအလိုက် အနည်းဆုံးလိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်းတို့ကို ယင်းတို့၏ လိုအပ်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ရယူ သတ်မှတ်ရန်၊

၂၈။ ဝန်ထမ်းသစ်တစ်ဦးခန့်အပ်ရာတွင် ရရှိမည့်ရလဒ်နှင့်ကုန်ကျစရိတ်ကို နှိုင်းယှဉ်ရန်၊ ပင်စင်လစာကျခံရမည့် စရိတ်တို့ကိုပါ တွက်ချက်၍ ဘဏ္ဍာငွေသုံးစွဲရမည့် ရှုထောင့်မှလည်း သုံးသပ်ဆောင်ရွက်ရန်၊

၂၉။ ဝန်ထမ်းသစ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တိုက်ရိုက်တင်ပြပြီး (ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့၏ သဘောထားရယူ၍ အကြီးအကဲများထံဆက်လက်တင်ပြပါမည်) ခွင့်ပြုချက်ရရှိပါက ခန့်ထားရေးအား လုပ်ထုံးလုပ်နည်း နှင့်အညီ ဆောင်ရွက်ရန်၊

[**မှတ်ချက်။** OSS (One Stop Service) ပုံစံဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းစဉ်အစီအစဉ်များ ပြောင်းလဲမည်ဖြစ်၍ ပြင်ဆင်ချက်အဖြစ် ထည့်သွင်းရခြင်းဖြစ်ပါသည်။]

၃၀။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူ အတည်ပြုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အတွင်းရေးမှူး လက်မှတ်ရေးထိုးထားသော ဖွဲ့စည်းပုံဇယားချပ်နှင့် ဖွဲ့စည်းပုံ ခွင့်ပြုအင်အားပါ ရာထူးတစ်ခုချင်းအလိုက် ခွင့်ပြုခန့်ထားစာရင်းများကို ပူးတွဲတင်ပြရန်၊

၃၁။ ရေရှည်တွင် e-government လုပ်ငန်းများ အကောင်အထည်ပေါ်လာပါက ဝန်ထမ်းလိုအပ်ချက်များ လျော့ကျသွားနိုင်သဖြင့် လုပ်ငန်းတာဝန်များပြားမှုအရ ဝန်ထမ်းလိုအပ်ချက်ရှိပါက ဝန်ထမ်းသစ်ခန့်ထားခြင်းကို ဆောလျင်စွာတင်ပြခြင်းမပြုဘဲ ဌာနရှိဝန်ထမ်းများအား စီမံခန့်ခွဲမှုကောင်းမွန်၍ စွမ်းဆောင်ရည်ပြည့်ဝပြီး လုပ်ငန်းကျွမ်းကျင်သော (Skilful) ဝန်ထမ်းများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ပေးခြင်းကို ဦးစွာဆောင်ရွက်ရန်၊

၃၂။ နေ့စားဝန်ထမ်း ခန့်အပ်မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၊ ပြည်ထောင်စုဝန်ကြီး ဌာနက မူချမှတ်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအကြီးအမှူး၊ ပြည်ထောင်စုဝန်ကြီးဌာန အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် အနည်းဆုံးလိုအပ်ချက်ကိုသာ ခန့်ထားဆောင်ရွက်ရန်၊

၃၃။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အမြဲတမ်းအတွင်းဝန် တစ်ဦးစီကိုသာ တာဝန်ပေးအပ်ရန်၊ လက်ရှိတစ်ဦးထက်ပိုနေသော ဝန်ကြီးဌာနများအနေဖြင့် ၎င်းနေရာများ လစ်လပ်သွားသောအခါ ထပ်မံခန့်အပ်ခြင်းမပြုဘဲ အမြဲတမ်းအတွင်းဝန်တစ်ဦးကိုသာ တာဝန်ပေးအပ်ရန်၊ လုပ်ငန်းလိုအပ်ချက်အရ မဖြစ်မနေခန့်အပ်ရန်လိုအပ်ပါက နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက် ရရှိပြီးမှသာ တင်ပြဆောင်ရွက်ရန်၊

၃၄။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ရန် တင်ပြရာ၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးတွင် အတည်ပြုခန့်ထားပြီးသူကိုသာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ရန်၊

၃၅။ အမြဲတမ်းအတွင်းဝန် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးကို ယာယီပူးတွဲတာဝန်ပေးအပ်ခြင်းအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်း မပြုလုပ်ရန်နှင့် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံ တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ရန်၊

၃၆။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခေတ္တခန့်အပ်လိုပါက နိုင်ငံတော်သမ္မတရုံးမှ ၂၈-၁-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၅၈ (၁)/၈/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်၊

၃၇။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ အစီအစဉ်ဖြင့် ဝန်ကြီးဌာနအတွင်းရှိ ဌာနတစ်ခု၌ ခန့်အပ်ပြီး ဖြစ်သည့် ဝန်ထမ်း၏ရာထူးနေရာ၌ အခြားဌာနမှအဆင့်တူ လစ်လပ်ရာထူးနေရာအတွက် ခွင့်ပြုထားသော လစာနှင့်စရိတ်ကို ရယူသုံးစွဲပြီး ဝန်ထမ်းတစ်ဦးကို ထပ်မံခန့်အပ်တာဝန်ပေးအပ်ခြင်းမပြုရန်နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၄ (က) (ခ) (ဂ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

၃၈။ တစ်ဆင့်မြင့်ရာထူးနေရာကို ကျောထောက်နောက်ခံပြု၍ လစာနှုန်းတူပြောင်းရွှေ့ခန့်ထားပြီး တစ်ဆင့်မြင့် ရာထူးတာဝန်တွဲဖက်ထမ်းဆောင်စေခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး သို့မဟုတ် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးတို့၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

၃၉။ သက်ဆိုင်ရာ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေအရ ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များသည် ကိုယ်ရေးအရာရှိရာထူးခန့်အပ်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် (၁/၂၀၁၆) နှင့်အညီ ဌာနဆိုင်ရာဝန်ထမ်းကိုသာ ရွေးချယ်ခန့်ထားရန်နှင့် နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသည့်ပုဂ္ဂိုလ်တာဝန်မှစွန့်လွှတ်လျှင် ကိုယ်ရေးအရာရှိအဖြစ်မှရပ်စဲပြီး ရာထူးအနွယ်ပိုင်ဆိုင်ခွင့် ရှိသည့် မူလရာထူးတွင် တာဝန်ထမ်းဆောင်နိုင်ရေး ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်၊

၄၀။ သက်ဆိုင်ရာ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေအရ ကိုယ်ရေးအရာရှိရာထူး ခန့်အပ်ရေးဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များကို ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားပါက နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသည့်ပုဂ္ဂိုလ်တာဝန်မှ စွန့်လွှတ်လျှင် အဆိုပါပြင်ပပုဂ္ဂိုလ်များကို ကိုယ်ရေးအရာရှိ အဖြစ်မှ ရပ်စဲပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်ခန့်ထားခြင်း မပြုလုပ်ရန်၊

၄၁။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာခန့်ထားရေးဆောင်ရွက်လိုပါက နိုင်ငံတော်သမ္မတရုံးမှ ၂၃-၇-၂၀၁၈ နှင့် ၉-၃-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁၅၈(၁)/၈/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အတိုင်းတိကျစွာ လိုက်နာဆောင်ရွက်ရန်၊

၄၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၉ (င) နှင့် နည်းဥပဒေ ၇ (ခ) တို့အရ ထူးခြားသည့် အခြေအနေတစ်ရပ်ရပ်ကြောင့် ပြင်ပပုဂ္ဂိုလ်အား ဝန်ထမ်းအဖြစ် တိုက်ရိုက်ခန့်အပ်ရာတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်။

**နိုင်ငံ့ဝန်ထမ်းပြောင်းရွှေ့ခြင်းဆိုင်ရာ မူဝါဒများ**

၄၃။ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းအင်အားလျော့နည်းမှုများရှိလာပါက လုပ်ငန်းများအရှိန်အဟုန် မပြတ်စေရေးအတွက် လုပ်ငန်းတာဝန်အလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ဖြည့်တင်းရာတွင် လုပ်ငန်းတာဝန်အလိုက် သင့်လျော်သည့် ဌာနတွင်းဝန်ထမ်းများကို ပြောင်းရွှေ့နေရာချထားရန်၊

၄၄။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဌာနများ၏ ခန့်ထား အင်အားများကို ပြန်လည်သုံးသပ်ပြီး ပိုလျှံသည့်ဌာနများမှအင်အားကို အမှန်တကယ်လိုအပ်သည့်ဌာနများသို့ သွတ်သွင်းခန့်ထားဆောင်ရွက်ရန်နှင့် ထပ်မံလိုအပ်ပါက လုပ်ငန်းဆက်စပ်မှုရှိသည့် အခြားပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပိုလျှံအင်အားများမှ ပြောင်းရွှေ့သွတ်သွင်းခန့်ထား နိုင်ရေး ဆောင်ရွက်ရန်၊

၄၅။ ဝေးလံခေါင်ဖျားဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ အချိန်ကာလသတ်မှတ်မှုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများက ပြောင်းရွှေ့ရေးမူဝါဒရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲ ဆောင်ရွက်ရန်၊

၄၆။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏မူဝါဒအရ ဝန်ထမ်းခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းဆောင်ရွက်သည့်အခါ လျှော့ချရန်လိုအပ်ပါက ပိုလျှံအင်အားများကို လိုအပ်သည့်ဌာနများသို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်စေခြင်း၊ အငြိမ်းစားယူခွင့်ပြုခြင်း၊ အငြိမ်းစားယူခွင့်ပြု၍ ပုဂ္ဂလိက ကဏ္ဍသို့ ကူးပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

၄၇။ ဝန်ထမ်းများ ဌာနကူးပြောင်းခြင်းဆောင်ရွက်ရာတွင် လက်ခံခန့်ထားမည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဌာနတွင်းရှိ ဝန်ထမ်းများမှ သက်ဆိုင်ရာရာထူးတာဝန်ကို ထမ်းဆောင်နိုင်သော အရည်အချင်းနှင့်ပြည့်စုံသူ ရှိ မရှိ စိစစ်သုံးသပ်ပြီးမှ လက်ခံဆောင်ရွက်ရန်၊

၄၈။ ဝန်ထမ်းများ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၊ ၂၄ တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်)

**မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး

**မြန်မာနိုင်ငံပြတိုက်များဥပဒေ (မူကြမ်း)**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။ )**

၁၃၈၂ ခုနှစ်၊   လ   ရက်

(၂၀၂၀ ပြည့်နှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံပြတိုက်များဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံပြတိုက်များ ဗဟိုကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(င) **ပြတိုက်အုပ်ချုပ်ရေးအဖွဲ့** ဆိုသည်မှာ ပြတိုက်များတွင် အုပ်ချုပ်ရေးနှင့် ငွေကြေးစီမံခန့်ခွဲမှုများအတွက် သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ပြတိုက်** ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးအမြတ်မယူဘဲ ဆောင်ရွက်ရန် အလို့ငှာ လူနှင့် သဘာဝပတ်ဝန်းကျင်တို့၏ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို စုဆောင်း ထိန်းသိမ်းသုတေသနပြု၍ အများပြည်သူတို့ အသိပညာဗဟုသုတရရှိရေးအတွက် လေ့လာနိုင်စေရန် တည်ထောင်ထားသည့် အမြဲတမ်းဖွင့်လှစ်ပြသရာ နေရာဌာနကို ဆိုသည်။

(ဆ) **နိုင်ငံတော်ပိုင်ပြတိုက်များ** ဆိုသည်မှာ သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် အစိုးရ အဖွဲ့အစည်းတစ်ခုခုက တည်ထောင်သည့် ပြတိုက်များကို ဆိုသည်။

(ဇ) **ပုဂ္ဂလိကပြတိုက်များ** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ယင်းတို့၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် တည်ထောင်သည့် ပြတိုက်များကို ဆိုသည်။

(ဈ) **ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ လူ့အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် မျိုးနွယ်စုတစ်စုစု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးတို့က မျိုးဆက်တစ်ခုမှတစ်ခု လက်ဆင့်ကမ်းလာခဲ့ကြပြီး ယင်းတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ်သတ်မှတ်ထားသည့် ရိုးရာဓလေ့ထုံးစံများ၊ အလေ့အထများ၊ ဖော်ပြချက်များ၊ အသိပညာများနှင့် စွမ်းရည်များကို ဆိုသည်။

(ည) **ပြတိုက်ပစ္စည်း** ဆိုသည်မှာ သက်ဆိုင်ရာပြတိုက် အမျိုးအစားအလိုက် စုဆောင်းထိန်းသိမ်းခင်းကျင်း ပြသထားသော ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပညာရပ်အလိုက် သက်ဆိုင်သောပစ္စည်းများကို ဆိုသည်။

(ဋ) **ရှေးဟောင်းဝတ္ထုပစ္စည်း** ဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင် ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ နှစ်ပေါင်း ၁၀၀ နှင့်အထက်သက်တမ်းရှိသည့် ကျောက်ဖြစ် ရုပ်ကြွင်းများအပါအဝင် လူသားတို့ပြုလုပ်သုံးစွဲခဲ့သော အရာဝတ္ထုပစ္စည်းများကို ဆိုသည်။

(ဌ) **ပြခန်း** ဆိုသည်မှာ နေရာတစ်ခုခုတွင် စီးပွားရေးအရဖြစ်စေ၊ အများပြည်သူတို့ ဗဟုသုတရစေရန် ဖြစ်စေ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့် ပညာရပ်အလိုက် သက်ဆိုင်သောပစ္စည်းများ ခင်းကျင်းပြသမှုကို ဆိုသည်။

(ဍ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ တည်ထောင်ခွင့်ရရှိပြီးသော ပြတိုက်များတွင် ပြတိုက်ပစ္စည်းများကို ဖွင့်လှစ်ပြသရန်အတွက် ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဎ) **ကျွမ်းကျင်ပညာရှင်** ဆိုသည်မှာ ရှေးဟောင်းသုတေသနဆိုင်ရာ ပြတိုက်ပညာရပ်ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ အနုပညာဆိုင်ရာနှင့် အခြားဘာသာရပ်ဆိုင်ရာ ပြတိုက်ပစ္စည်းများအကြောင်း ကောင်းစွာနားလည်သိရှိသူကို ဆိုသည်။

(ဏ) **ပြတိုက်တာဝန်ခံ** ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဌာနခွဲတာဝန်ခံကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိတို့လူ့ဘောင်အဖွဲ့အစည်းအတွင်း လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သော နိုင်ငံတော်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကိုကိုယ်စားပြုသည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် လက်ရာပစ္စည်းများ၊ သမိုင်းဝင်ပစ္စည်းများ၊ သဘာဝပစ္စည်းများ၊ အနုပညာပစ္စည်းများ၊ ဘာသာရပ် ဆိုင်ရာနှင့် ပညာရပ်ဆိုင်ရာပစ္စည်းများနှင့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ သမိုင်းဆိုင်ရာအကိုးအကား အထောက်အထား အချက်အလက်များမှန်ကန်စွာ စုဆောင်းထိန်းသိမ်းခင်းကျင်းပြသနိုင်သော ပြတိုက်များပေါ်ပေါက်လာစေရန်၊

(ခ) နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အထောက်အပံ့ဖြစ်စေရန်၊

(ဂ) ပုဂ္ဂလိကပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများခင်းကျင်းပြသခြင်းကို အားပေးကူညီရန်၊

(ဃ) ပြတိုက်အားအသိပညာပေးရေးဌာနအဖြစ် အသိအမှတ်ပြုကာ အသုံးချမှုကို အားပေးရန်၊

(င) ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ပြတိုက်ပြခန်းများနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန် သို့မဟုတ် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များရှိ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များ ပါဝင်စေလျက် အဖွဲ့ဝင် ၂၅ ဦး ထက်မပိုသော အရေအတွက်ဖြင့် မြန်မာနိုင်ငံပြတိုက်များဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၏ သက်တမ်းသည် ဗဟိုကော်မတီစတင်ဖွဲ့စည်းသည့် နေ့မှစ၍ ငါးနှစ်ဖြစ်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ပြတိုက်များအား သတ်မှတ်ချက်များနှင့်အညီ အဆင့်သတ်မှတ်ပေးခြင်း၊

(ဂ) ပြတိုက်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများအတွက် အပြည်ပြည်ဆိုင်ရာပြတိုက်များ၊ ပြတိုက်အဖွဲ့အစည်း များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) တရားမဝင်နည်းလမ်းဖြင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခြင်း၊ လွှဲပြောင်းခြင်းကို တားမြစ်ခြင်း၊

(င) ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခင်းကျင်းပြသမှုနှင့်စပ်လျဉ်း၍ လမ်းညွှန်မှုပေးခြင်း၊

(စ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း သို့မဟုတ် ပြည်ပ၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းတို့အတွက် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ပြည်တွင်း၌ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများက ပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်းကို စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဈ) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ်ပါ ခွင့်ပြုချက်ကို ကာလ အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

## အခန်း (၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၇။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် အနုပညာလက်ရာမြောက်သောပစ္စည်းများ ပါဝင်သော ပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများခင်းကျင်းပြသခြင်းကို စိစစ်ခြင်း၊

(ခ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း သို့မဟုတ် ပြည်ပ၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းကို စိစစ်ခြင်း၊

(ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကို စိစစ်ခြင်း၊

(ဃ) ပြည်တွင်း၌ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများက ပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်းကို စိစစ်ခြင်း၊

(င) ပြတိုက်များအား အပြည်ပြည်ဆိုင်ရာပြတိုက်များကောင်စီ၏ သတ်မှတ်စံနှုန်းများနှင့်အညီ ဖွင့်လှစ်ပြသနိုင်စေရန် လိုအပ်သော နည်းပညာအချက်အလက်များ ဖြန့်ဝေပေးခြင်း၊

(စ) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များအား သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ထားခြင်း ရှိ မရှိ လိုက်လံစစ်ဆေးကြီးကြပ်ခြင်း၊

(ဆ) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ်ပါ ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းရန် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရန် သို့မဟုတ် ရုပ်သိမ်းရန် ကိစ္စရပ်များကို စိစစ်ခြင်း၊

(ဇ) ဗဟိုကော်မတီတွင်ပါဝင်သည့် ကျွမ်းကျင်ပညာရှင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များကို နိုင်ငံ့ဘဏ္ဍာငွေမှ ချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(ဈ) နိုင်ငံတော်အတွင်း ဖွင့်လှစ်ထားသော ပြတိုက်များအားလုံး၏ မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၆)
## ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက်ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၈။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက်တာဝန်ခံများကို အတွင်းရေးမှူးအဖြစ်လည်းကောင်း အခြားသင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက်ကော်မတီကို ဖွဲ့စည်းရမည်။

၉။ ပုဒ်မ ၈ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများမပါဝင်သော ပုဂ္ဂလိကပြတိုက်များ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်းကို စိစစ်ခွင့်ပြုပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ပုဂ္ဂလိကပြတိုက်များအား သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်း တည်ထောင်ထားသော ပုဂ္ဂလိကပြတိုက်များအားလုံး၏ မှတ်ပုံတင်စာရင်းကို ဦးစီးဌာနသို့ ပေးပို့ခြင်း၊

(ဃ) ရှေးဟောင်းဝတ္ထုပစ္စည်းများမပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

## အခန်း (၇)
## ပြတိုက်တည်ထောင်ဖွင့်လှစ်သူများ၏ လုပ်ငန်းတာဝန်များ

၁၀။ ပြတိုက်တည်ထောင်ဖွင့်လှစ်သူများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်သော ပြတိုက်တည်ထောင်ရန်အတွက် ခွင့်ပြုချက်ရရှိရန်ဖြစ်စေ၊ ပြတိုက်ဖွင့်လှစ်ရန်အတွက် မှတ်ပုံတင်လက်မှတ်ရရှိရန်ဖြစ်စေ၊ ပြခန်းခင်းကျင်းပြသရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားခြင်း၊

(ခ) ရှေးဟောင်းဝတ္ထုပစ္စည်းများ မပါဝင်သော ပြတိုက်တည်ထောင်ရန်အတွက် ခွင့်ပြုချက်ရရှိရန်ဖြစ်စေ၊ ပြတိုက်ဖွင့်လှစ်ရန်အတွက် မှတ်ပုံတင်လက်မှတ်ရရှိရန်ဖြစ်စေ၊ ပြခန်းခင်းကျင်းပြသရန်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြတိုက်ကော်မတီသို့ လျှောက်ထားခြင်း၊

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ပြတိုက်ပစ္စည်းများကို စုဆောင်းခြင်း၊

(ဃ) စုဆောင်းထားရှိသော ပြတိုက်ပစ္စည်းများကို သိပ္ပံနည်းကျပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အများပြည်သူအား လေ့လာစေခြင်းနှင့် အသိပညာဗဟုသုတပေးခြင်း၊

(င) ပြတိုက်ပစ္စည်းများကို နိုင်ငံတကာပြတိုက်စံချိန်စံညွှန်းများနှင့်အညီ မှတ်တမ်းတင်ခြင်းနှင့် သုတေသနပြုခြင်း၊

(စ) လူသားတို့၏သဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက် ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊

(ဆ) ခေတ်မီပြတိုက်ဆိုင်ရာပညာရပ်များကို ပြတိုက်ဝန်ထမ်းများအား ကောင်းစွာလေ့ကျင့်ပေးခြင်း၊

(ဇ) ပြတိုက်များ၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေထူထောင်ထားရှိခြင်း၊

(ဈ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အကျိုးစီးပွားအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ည) ပြတိုက်များ တည်ထောင်ရာတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဋ) ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဌ) ပြတိုက်ပစ္စည်းစုဆောင်းရေး မူဝါဒရေးဆွဲခြင်း၊

(ဍ) ခင်းကျင်းပြသရေး မူဝါဒရေးဆွဲခြင်း၊

(ဎ) ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ စုဆောင်းရရှိသည့် နည်းလမ်းကို သတ်မှတ်ချက်များနှင့် အညီ ဖော်ပြခြင်း၊

(ဏ) ပြတိုက်တည်ထောင်ရန် ရန်ပုံငွေထူထောင်ထားသည့် နည်းလမ်းကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်း၊

(တ) ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခင်းကျင်းပြသမှုနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ သတ်မှတ်ချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၈)
## ရန်ပုံငွေထူထောင်ခြင်း

၁၁။ နိုင်ငံတော်ပိုင်ပြတိုက်များ၏ ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိဝန်ကြီးဌာန၏ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ရေးဆွဲရမည်။

၁၂။ ပုဂ္ဂလိကပြတိုက်များ၏ ရန်ပုံငွေကို သက်ဆိုင်ရာပြတိုက်အုပ်ချုပ်ရေးအဖွဲ့များက တရားဝင်နည်းလမ်း များဖြင့်သာ ရှာဖွေထူထောင်ရမည်။

၁၃။ မည်သည့်ပြတိုက်မဆို ပြတိုက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက ငွေသား ထောက်ပံ့လှူဒါန်းလာပါက လှူဒါန်းသော ငွေကို ပြတိုက် အုပ်ချုပ်ရေးအဖွဲ့က လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၄။ မည်သည့်ပြတိုက်မဆို ပြတိုက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက နည်းပညာအကူအညီအထောက်အပံ့သော်လည်းကောင်း၊ ပြတိုက် အထောက်အကူပြုပစ္စည်းများသော်လည်းကောင်း ထောက်ပံ့လှူဒါန်းလာပါက ပြတိုက်အုပ်ချုပ်ရေးအဖွဲ့က လက်ခံထိန်းသိမ်းပြီး ယင်းတို့၏ အစီအစဉ်ဖြင့် စီမံခန့်ခွဲနိုင်သည်။

## အခန်း (၉)
## ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၅။ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များ တည်ထောင်ခြင်းနှင့် ပြခန်းများ ခင်းကျင်း ပြသခြင်း၊

(ခ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ဂ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်ပ၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၇။ (က) ဗဟိုကော်မတီသည် ပုဒ်မ ၁၆ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၈။ (က) ပြတိုက်များ တည်ထောင်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်း ပြုလုပ်လိုသူ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ သတ်မှတ်ချက် များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

## အခန်း (၁၀)
## ပြတိုက်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၉။ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်ကို တည်ထောင်ခွင့်ရရှိသူသည် ပြတိုက်ဖွင့်လှစ်ရန် အတွက် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၀။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၉ အရ လျှောက်ထားသည့်ကိစ္စကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဗဟို ကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုမရှိပါက လိုအပ်ချက်များကို ပြန်လည်ဆောင်ရွက်စေရန် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၂၁။ ဗဟိုကော်မတီသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး လိုအပ်သောစည်းမျဉ်းစည်းကမ်းများ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၂၂။ ပြတိုက်တစ်ခုအတွက် မှတ်ပုံတင်သက်တမ်းကာလသည် ငါးနှစ်ဖြစ်သည်။

၂၃။ မှတ်ပုံတင်သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၂၄။ ပြတိုက်မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် ပြတိုက်ဖွင့်လှစ်ခြင်းလုပ်ငန်းကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းလိုပါက ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၂၅။ ပြတိုက်မှတ်ပုံတင်လက်မှတ်ရရှိသူသည် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင်ဖြစ်စေ၊ ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ်ကို ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်။

## အခန်း (၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၆။ ဦးစီးဌာနသည် ပြတိုက်မှတ်ပုံတင်လက်မှတ်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သည့် ပြတိုက်ဖွင့်လှစ်သူနှင့် ပြခန်းခင်းကျင်းပြသသူများအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

၂၇။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ပါ အမိန့်တစ်ရပ်ရပ်ကို ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၁၂)
## အယူခံခြင်း

၂၈။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၂၉။ ဗဟိုကော်မတီသည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ ဦးစီးဌာနမှ ချမှတ်သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၃၁။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၃၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့အရ ချမှတ်သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည် ဖြစ်သည်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၃၄။ မည်သူမျှတရားဥပဒေစိုးမိုးမှုကိုဖြစ်စေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖြစ်စေ၊ ဘာသာရေးအယူအဆကိုဖြစ်စေ၊ ထိခိုက်စေနိုင်သောပစ္စည်းမျိုးကို ပြတိုက်တွင် စုဆောင်းခြင်း၊ ခင်းကျင်းပြသခြင်း မပြုရ။

၃၅။ မည်သူမျှပြခန်းနှင့် ပြတိုက်အတွင်း ပြတိုက်၏လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုကို ထိခိုက်စေမည့် လုပ်ရပ်များကို မပြုလုပ်ရ။

၃၆။ မည်သူမျှပြတိုက်ပစ္စည်းများကို ပျက်စီးစေလိုသောရည်ရွယ်ချက်ဖြင့် ထိခိုက်ဖျက်ဆီးခြင်း မပြုရ။

၃၇။ မည်သူမျှ ဇဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်သည့်-

(က) ပြတိုက် တည်ထောင်ခြင်း မပြုရ၊

(ခ) ပြခန်းများ ခင်းကျင်းပြသခြင်း မပြုရ။

၃၈။ မည်သူမျှ ဇဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း၌ ခင်းကျင်းပြသခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ခ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်ပ၌ ခင်းကျင်းပြသခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း။

၃၉။ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြတိုက် တည်ထောင်ခြင်း၊

(ခ) ပြခန်းများ ခင်းကျင်းပြသခြင်း။

၄၀။ မည်သူမျှ ဇဟိုကော်မတီမှ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်ဖွင့်လှစ်ခြင်း မပြုရ။

၄၁။ မည်သူမျှ ဇဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းခြင်း မပြုရ။

## အခန်း (၁၄)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသိန်း ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀ မှ အများဆုံး ကျပ် သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံ ရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်း မှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၃၀ မှ အများဆုံး ကျပ် သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၄၇။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေး ကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

## အခန်း (၁၅)
## အထွေထွေ

၄၈။ ဤဥပဒေအရ ဖွဲ့စည်းထားသော ဗဟိုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျွမ်းကျင် ပညာရှင်များသည် ဗဟိုကော်မတီ၏ အစည်းအဝေးများနှင့် ဗဟိုကော်မတီက ပေးအပ်သော လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရာတွင် အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) ဗဟိုကော်မတီက သတ်မှတ်သည့်နေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် ခရီးသွားလာစရိတ်၊

(ခ) ဗဟိုကော်မတီက သတ်မှတ်ချီးမြှင့်သည့် ဉာဏ်ပူဇော်ခ။

၄၉။ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ စရိတ်နှင့် ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၅၀။ ပုဂ္ဂလိကပြတိုက်များသည် ပြတိုက်ပစ္စည်းများနှင့်စပ်လျဉ်း၍ စုဆောင်းခြင်း၊ ခင်းကျင်းပြသခြင်း၊ ထိန်းသိမ်းခြင်းနှင့် မှတ်တမ်းတင်ခြင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၅၁။ ပုဂ္ဂလိကပြတိုက်များသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းရာတွင် မူလပုံသဏ္ဍာန် မပျက်ယွင်းစေရန် ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၅၂။ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်တည်ထောင်ခွင့်ရရှိသူသည် ဤဥပဒေအပြင် ၂၀၁၅ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ရှေးဟောင်းဝတ္ထုပစ္စည်းများ ထိန်းသိမ်းခွင့် လက်မှတ်ပါ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၅၃။ ပြတိုက်အမည်တွင် အမျိုးသား၊ ဗဟို၊ နိုင်ငံတော်စသည့် အဓိပ္ပာယ်မျိုး၊ အမည်မျိုးပါဝင်ပါက ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့်သာ သတ်မှတ်ခေါ်ဝေါ်သုံးစွဲရမည်။

၅၄။ ဤဥပဒေမထုတ်ပြန်မီက ဖွင့်လှစ်ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များဖြစ်ပါက ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေထုတ်ပြန်ပြီး ရက်ပေါင်း (၉၀) အတွင်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ မပါဝင်သော ပြတိုက်ဖြစ်ပါက ပြည်ထောင်စု နယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက်ကော်မတီသို့လည်းကောင်း သတ်မှတ်ချက် များနှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည်။

၅၅။ ပြတိုက်တည်ထောင်ဖွင့်လှစ်သူသည် မိမိပြတိုက်အကျိုးအလို့ငှာ ရည်ရွယ်၍ လှူဒါန်းသော ပြည်တွင်း ပြည်ပ အကူအညီများကို လက်ခံနိုင်သည်။

၅၆။ မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခင်းကျင်းပြသခြင်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၅၇။ ဤဥပဒေပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်)

### ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ထုတ်ပြန်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများအတွက် ဤရွေးကောက်ပွဲလေ့လာရေး လုပ်ငန်းစဉ်များကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အဓိပ္ပာယ်ဖော်ပြချက်**

၁။ **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် ကြားဖြတ်ရွေးကောက်ပွဲများလည်း ပါဝင်သည်။

၂။ **ကော်မရှင်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ဆိုသည်။

၃။ **ကော်မရှင်အဖွဲ့ခွဲ** ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ၊

(ဃ) ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(င) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(စ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ။

၄။ **မဲဆန္ဒနယ်** ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော်အသီးသီးအတွက် သတ်မှတ်ထားသော လွှတ်တော် မဲဆန္ဒနယ်ကို ဆိုသည်။

၅။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ တိုင်းဒေသကြီးအသီးသီး သို့မဟုတ် ပြည်နယ်အသီးသီးကို ဆိုသည်။

၆။ **မဲစာရင်း** ဆိုသည်မှာ ရွေးကောက်ပွဲကိစ္စအလို့ငှာ သတ်မှတ်ထားသော မဲဆန္ဒနယ်များအတွက် ပြုစုထားသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းကို ဆိုသည်။

၇။ **မဲရုံအဖွဲ့** ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်အတွင်းရှိ မဲရုံတစ်ရုံ၌ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ စုပေါင်း တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲက တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

၈။ **မဲရုံမှူး** ဆိုသည်မှာ မဲရုံအဖွဲ့အား ကြီးကြပ်သောပုဂ္ဂိုလ်ကို ဆိုသည်။

၉။ **ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲလုပ်ငန်းများအား လေ့လာရန်အတွက် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ အသိအမှတ်ပြုလွှာရရှိထားသော မြန်မာနိုင်ငံရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းကို ဆိုသည်။

၁၀။ **ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူ** ဆိုသည်မှာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့က တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲလုပ်ငန်းများအား လေ့လာရန် အတွက် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ သက်သေခံကတ်ပြားရရှိထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။

၁၁။ **ရွေးကောက်ပွဲလေ့လာမှု** ဆိုသည်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်တိုင်း၌ ရွေးကောက်ပွဲလေ့လာမှုကို ဆိုသည်။

၁၂။ **အသိအမှတ်ပြုလွှာ** ဆိုသည်မှာ ကော်မရှင်ကထုတ်ပြန်ထားသော စည်းမျဉ်းများကို လိုက်နာရန် ဝန်ခံကတိပြုထားသည့် ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား ထုတ်ပေးသော အသိအမှတ်ပြုလွှာကို ဆိုသည်။

၁၃။ **သက်သေခံကတ်ပြား** ဆိုသည်မှာ ရွေးကောက်ပွဲလေ့လာသူ တစ်ဦးချင်းစီအား ရွေးကောက်ပွဲ လုပ်ငန်းများ လေ့လာနေစဉ်ကာလအတွင်း အထောက်အထားအဖြစ် ထုတ်ပေးသည့် ကတ်ပြားကို ဆိုသည်။

## အခန်း (၂)
## ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် သတ်မှတ်ချက်များ

၁၄။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(က) ပါတီစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲနှင့် ပုဂ္ဂိုလ်စွဲ ကင်းရမည်။

(ခ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် အသိအမှတ်ပြုခံရသည့် အဖွဲ့/ပုဂ္ဂိုလ် ဖြစ်ရမည်။

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၃)
## အသိအမှတ်ပြုရန် လျှောက်ထားခြင်း

၁၅။ ရွေးကောက်ပွဲလေ့လာလိုသည့် ပြည်တွင်း အဖွဲ့များသည် ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က သတ်မှတ်ထားသည့် လျှောက်လွှာ **(ပူးတွဲ က)**၊ **(ပူးတွဲ က-၁)** နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဝန်ခံကတိပြုလွှာ **(ပူးတွဲ ဃ)** တို့ကို ရယူဖြည့်သွင်း၍ အသိအမှတ်ပြုရန် လျှောက်ထားရမည်။ ယင်းပုံစံများကို ကော်မရှင် Website မှ ရယူနိုင်သည်။

၁၆။ ရွေးကောက်ပွဲလေ့လာလိုသည့် ပြည်တွင်း အဖွဲ့များသည် အသိအမှတ်ပြုလျှောက်လွှာနှင့်အတူ အဖွဲ့၏ ဝန်ခံကတိပြုလွှာကို ပူးတွဲ၍ အောက်ဖော်ပြပါအတိုင်း လျှောက်ထားရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ လေ့လာမှုပြုလိုပါက ကော်မရှင်တွင် လျှောက်ထားရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ထက်ပို၍ လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်တစ်ခုတည်းတွင် လေ့လာမှုပြုလိုပါက သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

၁၇။ အသိအမှတ်ပြုရန်လျှောက်လွှာကို ကော်မရှင်က သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားရမည်။

## **အခန်း (၄)**

## **အသိအမှတ်ပြုလျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း**

၁၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အသိအမှတ်ပြုလျှောက်လွှာများကို အောက်ပါနည်းလမ်းများအတိုင်း စိစစ်ဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲလေ့လာလိုသော ပြည်တွင်း အဖွဲ့များမှ တင်သွင်းလာသော လျှောက်လွှာများကို စာရွက်စာတမ်းများပြည့်စုံခြင်း ရှိ မရှိ လျှောက်လွှာလက်ခံရရှိချိန်မှစ၍ **၃ ရက်** အတွင်း စိစစ်ရမည်။

(ခ) စာရွက်စာတမ်းမပြည့်စုံသည့် ရွေးကောက်ပွဲလေ့လာလိုသောအဖွဲ့များအား စာရွက်စာတမ်းများ ပြည့်စုံစွာဆောင်ရွက်ရန်အတွက် အကြောင်းကြားစာရရှိသည့်နေ့ရက်မှစ၍ **၅ ရက်** အတွင်း ပြန်လည်တင်ပြရန်အတွက် မှတ်ချက်ဖြင့် ပေးပို့ရမည်။

(ဂ) လျှောက်ထားလွှာများ၊ စာရွက်စာတမ်းများ ပြည့်စုံစွာ ရရှိပြီးနောက် စိစစ်ပြီးသည့်နေ့မှစ၍ **၇ ရက်** အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားရမည်။

၁၉။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အခန်း (၂) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် ရွေးကောက်ပွဲလေ့လာလိုသောအဖွဲ့များအား အသိအမှတ်ပြုလွှာထုတ်ပေးပြီး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အမည်နှင့် အင်အားစာရင်းများကို ကော်မရှင်သို့ အဆင့်ဆင့်တင်ပြရမည်။

## **အခန်း (၅)**

## **အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း**

၂၀။ ရွေးကောက်ပွဲလေ့လာခွင့်ရရှိသောအဖွဲ့သည် အသိအမှတ်ပြုလွှာကို ခွင့်ပြုသည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူရမည်။

၂၁။ အသိအမှတ်ပြုလွှာများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ခ)** ပါ ပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ (ခ-၁)** ပါ ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

၂၂။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အသိအမှတ်ပြုလွှာ လျှောက်ထားစဉ် တင်ပြခဲ့သည့် လေ့လာသူ အရေအတွက်အတိုင်း သတ်မှတ်ထားသည့် သက်သေခံကတ်ပြား (အလွတ်) များကို ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ အသိအမှတ်ပြုလွှာနှင့်အတူ **ပူးတွဲ (င)** ပါ ပုံစံပေါ်တွင် လက်မှတ်ရေးထိုး၍ တစ်ပါတည်း ထုတ်ယူနိုင်သည်။

၂၃။ ကော်မရှင်ထံမှ အသိအမှတ်ပြုလွှာရရှိသော ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ သည် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြား (အလွတ်) များကို ကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ယူလိုပါက ထုတ်ယူလိုသည့် ကော်မရှင်အဖွဲ့ခွဲနှင့် ထုတ်ယူလိုသည့်အဖွဲ့ဝင်များ၏ အမည်စာရင်းတို့ကို ကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

၂၄။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား ကိုယ်စားပြုခွင့်ရှိသူသည် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ ဓာတ်ပုံ ကပ်ထားသော သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များမှ **ကတ်ပြားအမှတ်စဉ်နှင့် ထုတ်ပေးသည့် ရက်စွဲမှလွဲ၍** ပြည့်စုံစွာ ဖြည့်သွင်းရေးသားပြီး ရွေးကောက်ပွဲမကျင်းပမီ (၁၅) ရက် မတိုင်မီအတွင်း ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲထံသို့ အမည်စာရင်းနှင့်အတူ ပြန်လည်ပေးပို့ရမည်။

၂၅။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံကပ်ထားပြီး လက်မှတ် ရေးထိုးထားသော ဝန်ခံကတိပြုလွှာ **ပူးတွဲ (ဃ-၁)** များကို သက်ဆိုင်ရာ ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်က တာဝန်ယူ ထိန်းသိမ်းထားရမည်။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ကြည့်ရှုရန် တောင်းခံလာပါက (၃) ရက်အတွင်း ပေးပို့ရမည်။

၂၆။ သက်သေခံကတ်ပြားများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ဂ)** ပါ ပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ (ဂ-၁)** ပါ ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

## အခန်း (၆)
## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၂၇။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်-

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့် ရက်စွဲ၊

(ခ) လေ့လာသူအမည်၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဃ) အဖွဲ့အမည်၊

(င) လေ့လာမည့်ဒေသ၊

(စ) ကုန်ဆုံးမည့်နေ့ရက်၊

(ဆ) လေ့လာသူ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ (၁) ပုံ။

## အခန်း (၇)
## အသိအမှတ်ပြုလွှာ သက်တမ်း

၂၈။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင်အသိအမှတ်ပြုလွှာ ရရှိပြီးချိန်မှစတင်ပြီး လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂၉။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့် အချိန်မှစ၍ ရွေးကောက်ပွဲကျင်းပပြီးသည့်နောက် ရက်ပေါင်း (၉၀) အထိ ဖြစ်သည်။

## အခန်း (၈)

## ရွေးကောက်ပွဲလေ့လာရေးနယ်မြေ

၃၀။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုထံ အဆိုပြုတင်ပြထားခဲ့သည့် သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

## အခန်း (၉)

## လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၃၁။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာနိုင်သည်-

(က) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊

(ခ) မဲစာရင်းပြုစုခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ကြေညာခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်း၊

(ဃ) ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း အတည်ပြုကြေညာခြင်း၊

(င) မဲဆွယ်စည်းရုံးခြင်းနှင့် ရပ်နားသည့်ကာလ၊

(စ) ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ၊

(ဆ) ကြိုတင်ဆန္ဒမဲပေးခြင်း၊

(ဇ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊

(ဈ) ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များ၊

(ည) ရွေးကောက်ပွဲရလဒ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း ကြေညာခြင်း။

## အခန်း (၁၀)

## ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ အခွင့်အရေးနှင့်တာဝန်များ

၃၂။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ယင်းတို့၏ ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါအခွင့်အရေးများ ရှိသည်-

(က) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ခ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များစာရင်းပြုစုခြင်းတို့ကို လေ့လာခွင့်၊

(ဂ) မဲရုံအတွင်း ဝင်ရောက်လေ့လာခွင့်၊ (မဲရုံမှူးထံ သတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(ဃ) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(င) ရွေးကောက်ပွဲလေ့လာသူများသည် ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံသို့ သိလျှင်သိချင်း အချိန်မီအသိပေး အကြောင်းကြားခွင့်။

၃၃။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အောက်ပါ တာဝန်များရှိသည်-

(က) ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများဆိုင်ရာ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်၊

(ခ) မိမိတို့၏ ရွေးကောက်ပွဲလေ့လာသူများသည် အပိုဒ် ၃၄ တွင် ဖော်ပြထားသည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့်အခွင့်အာဏာတို့ကို လေးစားရန်၊

(ဃ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

(င) ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ဝန်ခံကတိပြုလွှာများအား စာရင်းဇယားနှင့်တကွ စနစ်တကျ သိမ်းဆည်းထားရန်၊

(စ) မိမိတို့အဖွဲ့မှ လေ့လာသူဦးရေနှင့် လေ့လာခဲ့သည့် မဲရုံအလိုက် အင်အားစာရင်း မှန်ကန်ကြောင်း မဲရုံမှူးထံမှ **ပူးတွဲ (စ)** ပါ ပုံစံနှင့် ထောက်ခံချက် ရယူရန်၊

## ကုန်းတွင်းဆိပ်ကမ်းအတွင်း ဆောင်ရွက်ခွင့်ပြုမည့်အကောက်ခွန်ဆိုင်ရာ အဓိကလုပ်ငန်းများ

၃။ ကုန်းတွင်းဆိပ်ကမ်းအတွင်းတွင် အဓိကအားဖြင့် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပြုသည်-

(က) ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာ လုပ်ငန်း၊

(ခ) အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehousing) ဆိုင်ရာလုပ်ငန်း၊

(ဂ) တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း (Transit) ဆိုင်ရာလုပ်ငန်း။

## အခန်း (၃)
## ကုန်းတွင်းဆိပ်ကမ်းဆိုင်ရာ အကောက်ခွန်ကြီးကြပ်မှု

၄။ ပြည်ပမှ ပြည်တွင်း ဆိပ်ကမ်း သို့မဟုတ် လေဆိပ် သို့မဟုတ် နယ်စပ် အကောက်ခွန်စခန်းများသို့ ရောက်ရှိလာသော ကုန်စည်နှင့် ကုန်သေတ္တာများကို ကုန်းတွင်းဆိပ်ကမ်းသို့ ရွှေ့ပြောင်းမည်ဆိုပါက ကုန်သေတ္တာတင်ယာဉ် (Container Truck) သို့မဟုတ် ကုန်ပစ္စည်းထည့်သွင်းသယ်ဆောင်မည့် နောက်တွဲပါရှိသည့် အလုံပိတ်ယာဉ် (Box Truck) တို့ကို အသုံးပြု၍ မော်တော်ယာဉ် လမ်းကြောင်းဖြင့်ဖြစ်စေ၊ ကုန်သေတ္တာတင် ရထားဖြင့်ဖြစ်စေ၊ လေကြောင်းလမ်းဖြင့်ဖြစ်စေ အကောက်ခွန် ချိပ်တံဆိပ် (Customs Seal) သို့မဟုတ် အီလက်ထရောနစ်သော့ (E-lock) ခတ်နှိပ်၍ အကောက်ခွန်ကြီးကြပ်သော သယ်ယူပို့ဆောင်မှု (Bonded Transportation) စနစ်ဖြင့်သာ တိုက်ရိုက်ပို့ဆောင်ရမည်။

၅။ ကုန်ပစ္စည်းပိုင်ရှင်သည်ကုန်စည်နှင့် ကုန်သေတ္တာများ သယ်ဆောင်လာသည့် မည်သည့်ယာဉ်ကိုမဆို မိမိဆောင်ရွက်မည့် လုပ်ငန်းစဉ်အလိုက် ကုန်သေတ္တာများ ထားသိုရန် သတ်မှတ်ထားသောနေရာ (Inland Container Yard) တွင် သက်ဆိုင်ရာ ကုန်းတွင်းဆိပ်ကမ်း၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျထားရှိရမည်။

၆။ တာဝန်ခံ အကောက်ခွန်အရာရှိနှင့် အကောက်ခွန် စစ်ဆေးရေးအရာရှိတို့သည် ကုန်းတွင်းဆိပ်ကမ်း အတွင်းရောက်ရှိလာသော ကုန်စည်နှင့် ကုန်သေတ္တာများကို သတ်မှတ်ထားသော အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစစ်ဆေးရမည်။

၇။ ကုန်ပစ္စည်းပိုင်ရှင်သည် မိမိ၏ ကုန်စည်နှင့် ကုန်သေတ္တာများကို ကုန်းတွင်း ဆိပ်ကမ်းအတွင်း ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းများအလိုက် သက်ဆိုင်ရာ ကုန်းတွင်းဆိပ်ကမ်းအတွင်း ကုန်စည်နှင့် ကုန်သေတ္တာများ စစ်ဆေးရန် သတ်မှတ်ထားသောနေရာတွင် တာဝန်ပေးအပ်ထားသည့် အကောက်ခွန် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူရမည်။

၈။ ကုန်ပစ္စည်းပိုင်ရှင်သည် ကုန်စည်နှင့် ကုန်သေတ္တာများကို ရှင်းလင်းထုတ်ယူ၊ တင်ပို့သည့်အချိန်တွင် ကုန်းတွင်းဆိပ်ကမ်းရှိ အကောက်ခွန်ရုံး၌ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြ၍ သတ်မှတ်ထားသည့် အကောက်ခွန်ကြေညာလွှာများတွင် ဖြည့်သွင်းကြေညာ ရမည်။

**ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာလုပ်ငန်း**

၉။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ပစ္စည်းများကို ပြည်ပမှ ကုန်းတွင်းဆိပ်ကမ်းသို့ တင်သွင်းခြင်း မပြုမီ သို့မဟုတ် ပြည်ပသို့တင်ပို့ရန် ကုန်းတွင်းဆိပ်ကမ်းမှ သယ်ယူခြင်းမပြုမီ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများက ထုတ်ပြန်ထားသည့်နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ကုန်ပစ္စည်း တင်ပို့သူ၊ တင်သွင်းသူများသည် မည်သည့် ခွင့်ပြုလုပ်ငန်းစဉ်ကိုမဆို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၂။ မြန်မာအလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS) စနစ်ဖြင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်ကိစ္စရပ်များကို ပုံမှန်လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက် ခွင့်ပြုမည်။

**အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehousing) ဆိုင်ရာလုပ်ငန်း**

၁၃။ ကုန်ပစ္စည်းပိုင်ရှင်သည် အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehousing) ဆိုင်ရာ လုပ်ငန်း များကို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehouse) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ကုန်ပစ္စည်းပိုင်ရှင်သည် ခွင့်ပြုကုန်းတွင်းဆိပ်ကမ်းတစ်ခုတွင် သိုလှောင်ထားသည့် ကုန်စည်နှင့် ကုန်သေတ္တာများကို အခြားခွင့်ပြုကုန်းတွင်းဆိပ်ကမ်းတစ်ခုသို့ ရွှေ့ပြောင်းလိုပါက အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် နည်းလမ်း၊ ပုံစံအတိုင်းရွှေ့ပြောင်းခွင့်ကို အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

၁၅။ အပိုဒ် (၁၄) အရ လျှောက်ထားမှုအပေါ် ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက ကုန်ပစ္စည်း ပိုင်ရှင်သည် ကုန်စည်နှင့် ကုန်သေတ္တာများကို အကောက်ခွန်၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ကာလအတွင်း ရွှေ့ပြောင်းရမည်။

၁၆။ ကုန်းတွင်းဆိပ်ကမ်း ဆောင်ရွက်ခွင့်ရသူသည် ခွင့်ပြုကုန်းတွင်းဆိပ်ကမ်းအတွင်းရှိ အကောက်ခွန် ဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် သီးခြားနေရာတွင် အကောက်ခွန်ကြီးကြပ်မှုမရှိသော ကုန်စည်များကို အကာအရံများဖြင့် ပြုလုပ်ထားသိုရမည်။

**တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း (Transit) ဆိုင်ရာလုပ်ငန်း**

၁၇။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် **တစ်ဆင့်ဖြတ်သန်း သယ်ဆောင်ခြင်း (Transit)** ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၄)**

**အထွေထွေ**

၁၈။ ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဆိုင်ရာ အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး၊ ယင်းတို့အား ဖောက်ဖျက်ကျူးလွန်ပါက ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရလည်းကောင်း၊ အခြားတည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၉။ ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

အမှတ် ၄၁။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၀) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ စီမံခန့်ခွဲရေးဌာနခွဲ၊ ဘဏ္ဍာရေးဌာနခွဲနှင့် တေးဂီတဌာနခွဲတို့မှ အောက်ဖော်ပြပါအမှုထမ်းများအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်** | **မူလရာထူး၊ လစာနှုန်း** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း** |
|---|---|---|---|
| (က) | ဒေါ်တင်တင်အေး | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |
| (ခ) | ဒေါ်အိခင်ခင် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဘဏ္ဍာရေးဌာနခွဲ |
| (ဂ) | ဒေါ်စန်းစန်းညွန့် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (ဃ) | ဒေါ်နန်းစန္ဒာဝင်း | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |
| (င) | ဒေါ်ခင်ရွှေစင်ထွန်း | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |
| (စ) | ဒေါ်နွယ်နွယ်လှိုင် | ရုံးအုပ် (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) စီမံခန့်ခွဲရေးဌာနခွဲ |
| (ဆ) | ဒေါ်ခိုင်ခင်ဦး | အနုပညာရှင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တေးဂီတဌာနခွဲ |
| (ဇ) | ဦးချမ်းသာ | အနုပညာရှင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တေးဂီတဌာနခွဲ |
| (ဈ) | ဒေါ်တင်တင်လတ် | အနုပညာရှင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တေးဂီတဌာနခွဲ |
| (ည) | ဦးဇေယျာထက် | အနုပညာရှင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တေးဂီတဌာနခွဲ |
| (ဋ) | ဦးအောင်ဆန်းငွေ | အနုပညာရှင် (၁) (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တေးဂီတဌာနခွဲ |

ဒေါက်တာဖေမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသန ဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူးရာထူးနေရာသို့ ယင်းဦးစီးဌာနရှိ စီမံရေးရာဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းအေး အား တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ( ၄၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၂ ရက်)

၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၀) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ အနုပညာဌာနခွဲ၊ ပန်းချီပညာဌာနမှ နည်းပြ (ပန်းချီ) ဒေါ်သပြေထွန်း အား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်ကထိက (ပန်းချီ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ
## အမိန့်ကြော်ငြာစာအမှတ် ( ၇/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၉ ရက်)

**ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုကော်မတီ (မကွေးတိုင်းဒေသကြီး) (Bagan Regional Management Committee, Magway Region) ဖျက်သိမ်းခြင်း**

၁။ ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသည် **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုကော်မတီ (မကွေးတိုင်းဒေသကြီး) (Bagan Regional Management Committee, Magway Region)** ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ယခုအခါ ၂၀၁၉ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ရာ အဆိုပါဥပဒေပုဒ်မ ၇ (က) အရ မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းထားခဲ့သည့် **ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစီမံခန့်ခွဲမှုကော်မတီ (မကွေးတိုင်းဒေသကြီး) (Bagan Regional Management Committee, Magway Region)** ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်ရက်မှစ၍ ဖျက်သိမ်းလိုက်သည်။

၃။ ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၈) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သူရဦးအောင်ကို
ပြည်ထောင်စုဝန်ကြီး
ဥက္ကဋ္ဌ၊ ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၈ ရက်)

### အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်ကိုပယ်ဖျက်ခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်များကို ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေပုဒ်မ ၂၉ အရ လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ အများပြည်သူသုံး အင်တာနက်ဆိုင်ရာဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်များကို အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အဖြစ် ၁၂ လအတွင်း အသွင်ကူးပြောင်းရန် လိုင်စင်အသွင်ကူးပြောင်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၅ ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ထုတ်ပြန်ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ရာ အထက်အပိုဒ် ၂ ပါ အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် အချိန်ကာလသတ်မှတ်ချက်အတွင်း အသွင်ကူးပြောင်းရန် ပျက်ကွက်သည့် လိုင်စင်များနှင့် အသွင်ကူးပြောင်းရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော အများပြည်သူသုံး အင်တာနက်ဝန်ဆောင်မှု (Public Access Center-PAC) လိုင်စင်များကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ပယ်ဖျက်လိုက်သည်။

သန့်စင်မောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်ဥမ္မာထွန်း အား ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာနတွင် လစ်လပ်သည့် အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၃၉/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ဦးဆောင်ညွှန်ကြားရေးမှူး အဖြစ် အစမ်းခန့်ထားခဲ့သော ဦးသန်းနိုင်ဦး အား နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၀) အရ အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ ယင်းလုပ်ငန်း၌ လစာနှုန်း (၅၅၀,၀၀၀/-) တန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် အတည်ပြုခန့်ထားလိုက်သည်။

ဝင်းခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ပါ ဦးစီးမှူး (၃) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်နေ့မှ စတင်၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝင်းအောင် | ၁၄/ဇလန (နိုင်) ၀၁၂၁၀၅ |
| (ခ) | ဒေါ်ခင်သက်မော် | ၈/ပခက (နိုင်) ၀၅၈၉၉၅ |
| (ဂ) | ဒေါ်သူဇာအောင် | ၈/ခမန (နိုင်) ၁၀၂၅၃၆ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါ ဦးစီးမှူး (၅) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၂၀) ၏ သဘောတူညီချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်နေ့မှစတင်၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဇော်မင်း | ၁၄/ဇလန (နိုင်) ၀၈၃၇၁၉ |
| (ခ) | ဦးဇော်ဝင်းလှိုင် | ၁၁/သတန (နိုင်) ၀၀၄၇၇၈ |
| (ဂ) | ဦးမြတ်မင်းသော် | ၁၂/ကတန (နိုင်) ၀၉၅၂၆၁ |
| (ဃ) | ဒေါ်ရွှေခင် | ၁၃/တကန (နိုင်) ၀၀၀၉၂၆ |
| (င) | ဒေါ်သဲစုလှိုင် | ၉/ပမန (နိုင်) ၁၅၈၉၃၄ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၀)

၁၃၈၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၉ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်ဝေ အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစတင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၇/၂၀၂၀)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးသူ အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစတင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## အမိန့်အမှတ် (၈၈/၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၂ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၃၇/၂၀၂၀ နှင့် ၂၈-၅-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၅၆/၂၀၂၀ တို့ဖြင့် ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်း မပြုရန် ထုတ်ပြန်ကြေညာခဲ့ပြီး ၂၉-၇-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၇၉/၂၀၂၀ ဖြင့် ၁-၈-၂၀၂၀ ရက်မှစ၍ အဆိုပါအမိန့်များတွင် ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၅ ဦးအစား လူ ၁၅ ဦးဖြစ်စေ၊ လူ ၁၅ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID-19 ရောဂါ၏ လက်ရှိဖြစ်ပွားမှုအခြေအနေအရ ၁၆-၈-၂၀၂၀ ရက်မှစ၍ အဆိုပါ အမိန့်များတွင် ဖော်ပြထားသောကိစ္စရပ်များမှအပ လူ ၁၅ ဦးအစား လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက် ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ပြင်ဆင်ထုတ်ပြန်လိုက်သည်။

၃။ COVID-19 နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၀)**

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၃ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

ပြည်သူ့လွှတ်တော်ရုံးတွင် ဦးဟိန်ထွဋ်ခန့်၊ နိုင်ငံသားစိစစ်ရေးအမှတ် [၁၂/ကမရ (နိုင်) ၀၆၈၃၆၈] အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာ၌ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၃ ရက် နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

တင်ဝင်းအောင်
ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး

### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၀)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၉၉၊ ပန်းဘဲတန်း)၊ ဦးပိုင်အမှတ် (ခ/၈၀) ရှိ **မြေဧရိယာ ၀. ၁၈၃ ဧက** အား **စိန်ပန်းဂန္ဓာရုံကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၀)**

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ ကုန်းဆုံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၈၈၊ ကုန်းဆုံရှေ့)၊ မြေကွက်အမှတ် (၆၇)၊ ဦးပိုင်အမှတ် (၃၆) ရှိ ၊ **မြေဧရိယာ ၁၀. ၂၅ ဧက** အား **ထေရဝါဒကုန်းဆုံဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၃ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇/ရွှေနံ့သာအနောက်ရပ်)၊ မြေကွက်အမှတ် ဥ [ဘက-၀၄(က)]၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၁. ၄၁၂ ဧက** အား **ရွှေမြိုင်စံအမှတ် (၂) ရွှေနံ့သာ ဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၄ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆၄၈၊ စုဘက်ကွင်း)၊ ဦးပိုင်အမှတ် (၂၁) ရှိ **မြေဧရိယာ ၂. ၇၀ ဧက** အား **ဗုဒ္ဓရက္ခိတဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၀)

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ်၊ မသူးကျေးရွာအုပ်စု၊ မကြိုင်ကျေးရွာရှိ ကွင်း/အကွက်အမှတ်နှင့် အမည် (၄၄/မကြိုင်)၊ ဦးပိုင်အမှတ် (၃) ရှိ **မြေဧရိယာ ၀. ၂၆ ဧက** အား **မကြိုင်သာသနာပြုဌာန၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၄၈/စုဘက်ကွင်း)၊ ဦးပိုင်အမှတ် (၁၄/၂)၊ **မြေဧရိယာ ၁. ၂၂ ဧက** အား **သာသနာ့ဝေပုလ္လကာရီဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၀)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆၄၈/စုဘက်ကွင်း)၊ ဦးပိုင်အမှတ် (၁၅/၂)၊ **မြေဧရိယာ ၂. ၀၈ ဧက** အား **ဇေယျာသိဒ္ဓိဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၀)

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်၊ နံကပ်ကျွန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၆၄၈/စုဘက်ကွင်း)၊ ဦးပိုင်အမှတ် (၁၄/၁) ရှိ **မြေဧရိယာ ၁. ၉၉ ဧက** အား **အောင်မင္ဂလရက္ခိတဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာအုပ်စု၊ အကွက်အမှတ်/အမည်-၅/မဟာအနော်ရထာကန်၊ ဦးပိုင်အမှတ် (၅/၁၂) ရှိ **မြေဧရိယာ ၀. ၃၁၈ ဧက** အား **ရွှေတိဂုံဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁/ခ၊ မဲဇလီတောင်)၊ ဦးပိုင်အမှတ် (၅၇/၃) ရှိ **မြေဧရိယာ ၀. ၅၈၉ ဧက** အား **စိန္တာမဏိလိုရာပြည့်ကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကြက်ပေါင်ခြံရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၈/ခ-၁ ရမ်ပူအနောက်)၊ ဦးပိုင်အမှတ် (၇၂/၅က-၄) ရှိ **မြေဧရိယာ ၀. ၇၂၃ ဧက** အား **ကံတော်ရာမဘုန်းကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (OSS-၈၆၊ စီမံကိန်း-၃)၊ ဦးပိုင်အမှတ် (၂၆၇) ရှိ **မြေဧရိယာ ၂၃. ၆၂ ဧက** အား **အောင်မော်စံဘုန်းကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ်၊ နန်းကွေ့ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် [၆၆၊ နန်းကွေ့အနောက်တောင် (၂)]၊ ဦးပိုင်အမှတ် (၁၆/၁+၂) ရှိ **မြေဧရိယာ ၄. ၆၂ ဧက** အား **နန်းကွေ့ရေဦးဘုန်းကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၀)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၄ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၇၇/သောတာပန်မြောက်)၊ ဦးပိုင်အမှတ် (၁၃/၂၊ ၁၄၊ ၂၀/၁-ခ) ရှိ **မြေဧရိယာ ၂. ၇၆ ဧက** အား **သီတဂူဝိပဿနာအကယ်ဒမီကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၀)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ စိန်ပန်းရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည် (၂၉-၂/အလကအနောက်ရပ်)၊ ဦးပိုင်အမှတ် (F-1) ရှိ **မြေဧရိယာ ၁. ၅၆၂ ဧက** အား **သီရိမင်္ဂလာ ရွှေမန်းပရိယတ္တိစာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၀)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ မြေပုံကျေးရွာအုပ်စု၊ ကွင်း/အကွက် အမှတ်နှင့် အမည် (ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (၄၀၉)၊ **မြေဧရိယာ ၄. ၇၃ ဧက** အား **ဝိသုဒ္ဓိမင်္ဂလမ္မလမ်း ဝိပဿနာရိပ်သာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ-၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၈ ရက်)

အမှတ် ၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့ ရက်စွဲပါ စာအမှတ်-၁/၁၉၀(က) (၄) (၈၉၄/၂၀၂၀) (လဆ) အရ မုံရွာမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ဦးစောသက်ခိုင်ဝင်း အား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၈ ရက်)

အမှတ် ၁၅၆။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့တွင်ကျင်းပသည့် (၁၃/၂၀၂၀) ကြိမ်မြောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ဦးထွန်းထွန်းဦး-၂ အား ဒုတိယအထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလျက် သစ်ထုတ်ရေးဌာန၊ ရုံးချုပ်တွင် ဆက်လက်တာဝန်ချထားလိုက်သည်။

ခင်စန်း
အထွေထွေမန်နေဂျာ(စီမံရေး)
မြန်မာ့သစ်လုပ်ငန်း

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂ ရက် ) | သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**FMT AGRIZ COMPANY LIMITED**

(အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၃၅၇ (က) အရ
စာရင်းရှင်းလင်းဖျက်သိမ်းမှု နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်မှ အစုရှယ်ယာရှင်များ၏ စာရင်းဖျက်သိမ်းမှု နောက်ဆုံး အစည်းအဝေးကို (၃၀-၁၀-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီ၌ အမှတ်-၃၅၊ ဈေးဂိုး (၂) ရပ်ကွက်၊ (၁) လမ်း၊ အရှေ့မြို့ဟောင်းသန်လျင်၊ ရန်ကုန်မြို့ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များအားလုံးနှင့် သက်ဆိုင်သူများအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။

ထိုအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီအရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

U Thura Tin Oo
Director
FMT AGRIZ Co., Ltd

ဒေါ်ခင်ချို
B.Com (Q), CPA
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Notice Under Section 208 (E) Myanmar Companies Act

**Myanmar Master Hill Technology Company Limited**

(Members Voluntary Winding-Up)

Invitation to Final Meeting

A final meeting of **Myanmar Master Hill Technology Company Limited** will be held on (2-11-2020) No. 59, Min Gyi Mahar Min Guang, Thilawar Industrail Zone, Thanlyin Township, Yangon Region, Myanmar -

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai
B.Com., CPA
Liquidator

## LAVISH COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **(LAVISH COMPANY LIMITED)** အား (၂၉-၉-၂၀၂၀) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဒေါ်မိုးမိုးအေး
B.Com, Dip I.F.R., Diploma in Business Law
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊
ဗိုလ်တထောင်ဘုရားလမ်း၊ မိဘရိပ်မွန်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၈၂၉၆၁၃၂၊ ၀၁-၈၃၉၇၂၃၄၊ ၀၁-၈၃၉၇၂၃၅။

(ခ) **(LAVISH COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များက ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်ကျော်ရိမ်း
မန်နေးဂျင်းဒါရိုက်တာ
LAVISH COMPANY LIMITED

## GOLDEN AGRO Co., Ltd

(အစုရှင်များဆန္ဒအရ ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
အပြီးသတ် နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂-၁၁-၂၀၂၀) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် အမှတ် (၅၉-အေ၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည် ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Daw Pann Ei Hnin Si
Managing Director
Golden Agro Co., Ltd

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
GOLDEN AGRO Co., Ltd (ဖျက်သိမ်းဆဲ)

NOTICE PURSUANT TO THE SECTION 348 OF THE MYANMAR COMPANIES LAW

**YI HE COMPANY LIMITED**

(MEMBERS' VOLUNTARY WINDING Up)

(Company Registration No. 106043345)

The Special Resolution of the General Meeting of **YI HE COMPANY LIMITED** on 28th September 2020, and it was resolved:-

(1) that **YI HE COMPANY LIMITED** be wound up voluntary with effect from (28-10-2020).

(2) that be appointed the following persons as Liquidators of the Company for by members' voluntary winding up.

**LIQUIDATORS**

MR. ZHAO XIAOGAO
Managing Director
YI HE COMPANY LIMITED
No.(5/41), Thirigone Housing, Thingangyun Township, Yangon Region, Myanmar.

U YE NOOS
Supreme Court Advocate
YE NOOS & ASSOCIATES (Law Firm)
No. 176 (First Floor), Botahtaung Pagoda Road, Pazundaung Township, Yangon Region.
Ph:01-8397234, 01-8397235

The creditors of **YI HE COMPANY LIMITED** are, therefore, requested to submit their claims together with supporting legal documents to the liquidators at the addresses given above, latest by 28th October 2020.

MR. ZHAO XIAOGAO
YI HE COMPANY LIMITED

**POH MENG (MYANMAR) Co., Ltd**

(အစုရှင်များဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ် နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂-၁၁-၂၀၂၀) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် (အမှတ် ၃၀၁၊ တာဝါ-အေ၊ Hill Top Vista Condominium, ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့) ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည် ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

Mr. Tay Chor Meng
Managing Director
Poh Meng (Myanmar) Co., Ltd

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
POH MENG (MYANMAR) Co., Ltd (ဖျက်သိမ်းဆဲ)

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

## PRIMEVAL BAGAN Co., Ltd

## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **PRIMEVAL BAGAN Co., Ltd** အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဦးဆန်းထွန်း (B.A, CPA, F.B.S.A)** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| Daw Lway Lway | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Primeval Bagan Co., Ltd | PRIMEVAL BAGAN Co., Ltd (ဖျက်သိမ်းဆဲ) |

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

## PENETRON (MYANMAR) LIMITED

## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **PENETRON (MYANMAR) LIMITED** အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဦးဆန်းထွန်း (B.A, CPA, F.B.S.A)** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
PENETRON (MYANMAR) Co., Ltd (ဖျက်သိမ်းဆဲ)

ရန်ကုန်ရုံးခွဲဖျက်သိမ်းကြောင်းကြော်ငြာ

**ဒရင်းဘောက်(စ်) ကုမ္ပဏီလီမိတက်**

**(DREAM BOX Co., Ltd)**

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **ဒရင်းဘောက်(စ်) ကုမ္ပဏီလီမိတက် (DREAM BOX Co., Ltd)** အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဦးဆန်းထွန်း (B.A, CPA, F.B.S.A)** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ရန်ကုန်ရုံးခွဲမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| Daw Mya Thandar | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Dream Box Co., Ltd | ဒရင်းဘောက်(စ်) ကုမ္ပဏီလီမိတက် (ဖျက်သိမ်းဆဲ) |
| | DREAM BOX Co., Ltd |

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**DAGON LIGHTING Co., Ltd**

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **DAGON LIGHTING Co., Ltd** အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် **ဦးဆန်းထွန်း (B.A, CPA, F.B.S.A)** လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| U Hlaing Win Htun | ဦးဆန်းထွန်း |
| Managing Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| Dagon Lighting Co., Ltd | DAGON LIGHTING Co., Ltd (ဖျက်သိမ်းဆဲ) |

## တော်ဝင် ကသစ်ပန်း ကုမ္ပဏီလီမိတက်
## (ROYAL KA THIT PAN COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **တော်ဝင် ကသစ်ပန်း ကုမ္ပဏီလီမိတက် (ROYAL KA THIT PAN COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၄-၉-၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc., H.G.P., R.L)**၊ အမှတ် (၅၀/ ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂-၁၁-၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်တင်မိုးအေး | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Sc., H.G.P., R.L |
| တော်ဝင် ကသစ်ပန်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၉ ၄၄၃၁၁၂၈၇၃ |

## ဂိုးဒင်း ရှူးဂါးကိန်း ကုမ္ပဏီလီမိတက်
## (GOLDEN SUGARCANE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ဂိုးဒင်း ရှူးဂါးကိန်း ကုမ္ပဏီလီမိတက် (GOLDEN SUGARCANE COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၅-၉-၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc., H.G.P., R.L)**၊ အမှတ် (၅၀/ ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂-၁၁-၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးသန်းဝင်းထွေး (ခ) သီဟဝင်း | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Sc., H.G.P., R.L |
| ဂိုးဒင်း ရှူးဂါးကိန်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၉ ၄၄၃၁၁၂၈၇၃ |

## ရွှေဆယ်ဆင့် ကုမ္ပဏီလီမိတက်
## (SHWE SAL SINT COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ရွှေဆယ်ဆင့် ကုမ္ပဏီလီမိတက် (SHWE SAL SINT COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၈-၉-၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc., H.G.P., R.L)**၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂-၁၁-၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်သင်းသင်းခိုင် | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Sc., H.G.P., R.L |
| ရွှေဆယ်ဆင့် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၉ ၄၄၃၁၁၂၉၇၃ |

## ရွှေရန်ရှင်း ကုမ္ပဏီလီမိတက်
## (SHWE YAN SHIN COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ရွှေရန်ရှင်း ကုမ္ပဏီလီမိတက် (SHWE YAN SHIN COMPANY LIMITED)** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၉-၉-၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc., H.G.P., R.L)**၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂-၁၁-၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်သင်းသင်းခိုင် | ဦးကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | B.Sc., H.G.P., R.L |
| ရွှေရန်ရှင်း ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၉ ၄၄၃၁၁၂၉၇၃ |

## ရွှေရိပ်ညို ကုမ္ပဏီလီမိတက်
## (SHWE YEIK NYO COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း

၁။ **ရွှေရိပ်ညို ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၃၀-၉-၂၀၂၀) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးကျော်ဝင်း (B.Sc., H.G.P., R.L)**၊ အမှတ် (၅၀/ပ-ထပ်)၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂-၁၁-၂၀၂၀) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးသန်းဝင်းထွေး (ခ) သီဟဝင်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေရိပ်ညို ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဦးကျော်ဝင်း
B.Sc., H.G.P., R.L
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၉ ၄၄၃၁၁၂၉၇၃

## VS FOOD Co., Ltd

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ

**အပြီးသတ်ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂-၁၁-၂၀၂၀ ရက်နေ့ နံနက် (၁၁း၀၀) နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၃)၊ မင်းသိင်္ခကျော်စွာလမ်း၊ အမှတ် (၈၁) တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

Ye Thu Aung
Managing Director
VS FOOD Company Limited

ဦးခင်ဝင်း
[B.A., H.G.P., R.L., D.B.L., D.I.L., D.M.L., P.G.D.I.T (New Delhi); D:Jap; M.P.A., M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၅၄၃/၁၉/ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၃၀/၂-၁၀-၂၀၂၀။